
မင်းမြတ်သူရ
အသူတစ်ရာ

# အခန်း(၁)

တစ်နေ့သ၌ မြိုက်မြို့နှင့် မဝေးလှသော ပင်လယ်ကမ်းခြေ ရွာတစ်ရွာရှိ အဘိုးအိုတစ်ဦး သည် တောထဲသို့ သစ်ခုတ်သွားရန် ကြံစည်နေ၏ ။ အဘိုးအိုသည် သစ်ခုတ်ရင်း တော်ထဲတွင် စား သောက်ရန် ထမင်းကို ဦးစွာ ချက်လေ၏ ။

ထမင်းချက်ပြီးသောအခါ ငါးခြောက်အနည်းငယ်ကို မီးကျီးခဲတွင် တင်၍ ဖုတ်ကာ ငါး ခြောက်၏ အသားများကို ငရုတ်ကျည်ပွေ့နှင့်ထု၍ နွှင်ကာ ဆီဆမ်းလေ၏ ။

ထိုနောက် ထမင်းထုပ်ကို အသင့်ပြင်၍ တောထဲသို့ ထွက်ခဲ့လေတော့၏ ။ အဘိုးအိုသည် တောထဲသို့ တစ်ကိုယ်တည်း လမ်းလျှောက်လာရင်း ညကမက်ခဲ့သော အိပ်မက်ကို ပြန်လည်သတိ ရလေ၏ ။ အိပ်မက်သည် ထူးဆန်းပြီး ကြောက်မက်ဖွယ် ကောင်းလှသဖြင့် အဘိုးအို၏ မျက်လုံးထဲ က မထွက်ချေ။ အိပ်မက်ထဲတွင် အဘိုးအိုသည် တောနက်ကြီးအတွင်းသို့ ရောက်ရှိနေပြီး တော ကြီးတစ်ခုလုံး ပိန်းပိန်းမှောင်နေ၏ ။

ထိုအခိုက်မှာပင် မိုးကြိုး မုန်တိုင်းများ ပစ်ခတ်ပြီး လေကြီးမိုးကြီး ကျလေ၏ ။ ကောင်းကင် တစ်ပြင်လုံး မည်းမည်းမှောင်နေပြီး လျှပ်စီးများ တဝင်းဝင်းလက်ကာ တော်တွင်းရှိ သစ်ပင်ကြီးများ ကို တစ်ပင်ပြီး တစ်ပင် မိုးကြိုးပစ်နေလေ၏ ။

တောတွင်းရှိ သစ်ပင်ကြီးများသည် မိုးကြိုးပစ်ခံရသောကြောင့် မြေပေါ်သို့ တဝုန်းဝုန်း ပြိုလဲ ကျလေ၏ ။ အဘိုးအိုသည် သစ်ပင်ကြီးများ မိမိပေါ် ပြိုလဲမကျစေရန် အသက်လု၍ ပြေးလွှားနေရ ၏ ။

သစ်ပင်ကြီးများသည် ဟိုမှသည်မှ ပြိုလဲနေသဖြင့် အဘိုးအိုသည် သက်စွန့်ဆံဖျား ပြေး လွှားရင်း မောပန်းကာ ခြေကုန်လက်ပန်း ကျနေလေ၏ ။

သို့သော် အသက်ဘေးအတွက် ပြေးလွှားခြင်းကို မရပ်မနားဝံ့ဘဲ

ရှိလေ၏ ။

ထိုအခိုက်မှာပင် အလွန်ကြီးမားသော သစ်ပင်ကြီးတစ်ပင်သည် မြေပေါ်သို့ ပြိုလဲကျပြီး ကျွန်းပင်ကြီး၏ ပြင်းထန်သော အရှိန်အဟုန်ကြောင့် မြေပေါ်ရှိ ကျောက်ဖျာကြီးသည် နှစ်ခြမ်းကွဲ လေ၏ ။

အဘိုးအိုသည် နှစ်ခြမ်းကွဲသွားသော ကျောက်ဖျာကြီးကို အထိတ်တလန့် ကြည့်ရှုနေစဉ် ကျောက်ဖျာအောက်မှ အရောင်တဝင်းဝင်း လက်နေသော ကျောက်မျက်ရတနာများကို အံ့ဩဖွယ် တွေ့ရလေ၏ ။

ကျောက်ဖျာအောက်မှ ကျောက်မျက်ရတနာများသည် အမျိုးအစား စုံလင်လှသဖြင့် အဘိုး အိုသည် လောဘစိတ်ဖြင့် ရတနာများကို ယူရန် ကြိုးစားလေ၏ ။

သို့သော် မိုးကြိုးပစ်ပုံမှာ ပြင်းထန်လာပြီး အနီးရှိ သစ်ပင်ကြီးများ တစ်ပင်ပြီးတစ်ပင် ပြိုလဲ ကျနေသဖြင့် မစွန့်စားဝံ့တော့ဘဲ ထိုနေရာမှ အသက်လု၍ ပြေးလွှားခဲ့လေ၏ ။

အဘိုးအိုသည် တောကြီးအပြင်သို့ ရောက်ရှိသောအခါ အိပ်မက်မှ လန့်နိုးသွားလေ၏ ။

အဘိုးအိုသည် အိပ်ပျော်နေရာမှ လန့်နိုးသောအခါ ရင်တစ်ခုလုံး ကွဲအက်မတတ် မောပန်း နေပြီး တစ်ကိုယ်လုံး ရေချိုးထားသကဲ့သို့ ချွေးများ ထွက်နေကြောင်း တွေ့ရလေ၏ ။

အဘိုးအိုသည် တောနက်ကြီးထဲသို့ တစ်ကိုယ်တည်း လမ်းလျှောက်လာရင်း ညက မက်ခဲ့ သော အိပ်မက်ကို ပြန်လည်စဉ်းစားလာခြင်း ဖြစ်၏ ။

ထိုအခိုက်မှာပင် ကောင်ကင်ပြင်၌ တိမ်မည်းညိုများ အုပ်ဆိုင်းလာ၍

မိုးရွာတော့မည်ဟု ထင်မြင်မိလေ၏။

အဘိုးအို တောထဲသို့ ရောက်သောအခါ မိုးများ စတင်ရွာသွန်းလေ၏။

ခဏကြာလျှင် မိုးများသည်းလာ၍ အဘိုးအိုသည် ကျောက်ဂူတစ်ခုထဲသို့ ဝင်ကာ မိုးခိုလေ ၏။ မိုးခိုရင်း ထမင်းထုပ်ပြီ ဖြည်ခါ မနက်စာ စားလေ၏။

ထမင်းထုပ် ကုန်သောအခါ ဆေးလိပ်များ တစ်လိပ်ပြီးတစ်လိပ်သောက်၍ မိုးအစဲကို စောင့် လေ၏။ သို့သော် မိုးမှာစဲမည့်လက္ခဏာ မရှိဘဲ ပိုမို၍ ပင် သည်းလာလေ၏။

ကောင်းကင်တစ်ပြင်လုံး လျှပ်စီးများ တဝင်းဝင်းလက်ကာ မိုးခြိမ်းသံများကို ကြားရသဖြင့် အဘိုးအိုသည် အိပ်မက်ကို သတိရတော့ ကြက်သီးထသွား၏။

ညကမက်ခဲ့သော အိပ်မက်ကဲ့သို့ သစ်ပင်ကြီးများပြိုလဲကျလျှင် ခက်မည်ဟု တွေးမိလေ၏။ သို့သော် အိပ်မက်နှင့်လက်တွေ့ဘဝ ကွာခြားလှသည်ဟု တွေးကာ မိမိစိတ်ကိုမိမိ အားတင်းပါလေ ၏။

အဘိုးအိုသည် ကျောက်တုံးများမှ လွတ်မြောက်အောင် ဂူထဲမှ ပြေးထွက်ခဲ့လေ၏။

ဂူ၏ အပြင်ဘက်တွင် မိုးများ သည်းထန်စွာ ရွာနေဆဲဖြစ်၏။ အဘိုးအိုသည် ကောင်းကင်သို့ မော့ကြည့်ကာ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး ယနေ့ သစ်ခုတ်ရန် အကြံအစည်ကို လက်လျှော့လိုက်ရ၏။

ဤမျှ မိုးသည်းထန်နေပြီး မိုးကြိုးများ ပစ်ခတ်နေသော အချိန်တွင် သစ်ခုတ်ခြင်းသည် အန္တရာယ်များလှ၏။ အဘိုးအိုသည် ဂူထဲသို့ ပြန်ဝင်၍ ခဏနမျှ မိုးခိုလိုက်ပြီး မိုးစဲသွားသဖြင့် ရွာသို့ ပြန် ခဲ့လေ၏။

သို့သော် ခဏအကြာတွင် ပတ်ဝန်းကျင် တစ်ခွင်လုံး မည်းမှောင်ပြီး

မိုးများ ပြန်လည်သည်း မည်းလာသဖြင့် အဘိုးအို အခက်ကြုံရလေ၏။

ကောင်းကင်မှ လျှပ်စီးများ တဝင်းဝင်းလက်ပြီး မိုးကြိုးပစ်သံများလည်း ကြားရလေ၏။ အ ဘိုးအိုသည် မိုးရွာနေသည့်ကြားမှပင် ရွာသို့ ရောက်အောင် အမြန်ဆုံး ပြန်ခဲ့၏။ ထိုအခိုက်မှာပင် လျှပ်စီးတစ်ချက် ဝင်းလက်ပြီး သစ်ပင်ကြီးတစ်ပင်ကို မိုးကြိုးပစ်လိုက်ရာ သစ်ပင်ကြီးသည် ကျိုး ပြတ်၍ မြေပေါ်သို့ ပြိုလဲကျလေရာ အဘိုးအိုအနီးသို့ ပြိုလဲကျလေ၏။

အဘိုးအိုသည် ညကမက်ခဲ့သော အိပ်မက်ကို သတိရ၍ ထိုနေရာမှ အထိတ်တလန့် ထွက် ခဲ့လေ၏။ အဘိုးအိုသည် တောကြီးထဲမှ အမြန်ဆုံးထွက်၍ စဉ်းစားမိပြီး မိုးရေထဲတွင် ပြေးထွက်ခဲ့ လေ၏။

ထိုအခိုက်မှာပင် လျှပ်စီးများ တဝင်းဝင်းလက်ပြီး နားကွဲလုမတတ် ကျယ်လောင်သော အ သံဖြင့် တောတွင်းသို့ မိုးကြိုးများ ပစ်လေ၏။

အဘိုးအိုသည် မိုးကြိုးပစ်ခတ်မှုများကြောင့် ပိုမို၍ ကြောက်လန့်လာပြီး တောတွင်းမှ ခြေ ကုန်သုတ်၍ ပြေးလေ၏။

အဘိုးအိုသည် တောကြီးကို ကျွမ်းကျင်သူ ဖြစ်သဖြင့် မကြာမီ တောစပ်သို့ ရောက်ရှိတော့ မည်ကို ရိပ်စားမိ၏။ ထို့ကြောင့် သူ၏ အပြေးနှုန်းကို မြှင့်တင်လိုက်၏။

ထိုအခိုက်မှာပင် နားကွဲလုမတတ် ကျယ်လောင်သော မိုးကြိုးပစ်သံကြီးကို ကြားလိုက်ရပြီး သူ၏ အရှေ့ရှိလွန်စွာကြီးမားသော ကျွန်းပင်ကြီးသည် ခါးလယ်မှပြတ်န၍ မြေပေါ်သို့ ပြိုလဲကျလေ ၏။

အဘိုးအိုသည် ထိုမြင်ကွင်းကို ကြည့်၍ ညကမက်ခဲ့သော အိပ်မက်ထဲကအတိုင်း ဖြစ်နေသ ဖြင့် ထိတ်လန့်အံ့ဩကာ မျက်လုံးပြူးသွားလေ၏။

ကျွန်းပင်ကြီးသည် မိုးကြိုးပစ်ခံရသဖြင့် ခါးလယ်မှ ပြတ်ကျပြီး

ကျောက်ဖျာကြီး တစ်ချပ် ပေါ်သို့ ဝုန်းခနဲ ပြုတ်ကျလေ၏ ။ ထိုအခါ ကျောက်ဖျာကြီးသည် ကျွန်းပင်ကြီး၏ အလေးချိန်ကြောင့် နှစ်ခြမ်းကွဲ ထွက်သွားလေ၏ ။

အဘိုးအိုသည် ကျောက်ဖျာကြီး နှစ်ခြမ်းကွဲပုံကို မြင်သည်။ သူ၏ အိပ်မက်ထဲကအတိုင်း ဖြစ်နေသဖြင့် အလွန်အံ့ဩထိန်လန့်ကာ ထိုနေရာမှ ထွက်မပြေးဖြစ်တော့ဘဲ ကျောက်ဖျာကြီးကို မျက်လုံးကျွတ်မတတ် ကြည့်ရှုနေလေ၏ ။

သူ၏ အိပ်မက်ထဲတွင် ကျောက်ဖျာကြီးထဲမှ ကျောက်မျက်ရတနာများကို တွေ့ရသဖြင့် အိပ်မက်ကဲ့သို့ ရတနာများကို တွေ့ရနိုးဖြင့် အလွန် စိတ်အားတက်ကြွနေမိ၏ ။

အဘိုးအိုသည် မိုးကြိုးမုန်တိုင်းများကို မကြောက်ရွံ့တော့ဘဲ လောဘဇောဖြင့် ကျောက်ဖျာ ကြီးပေါ်သို့ တွယ်ကပ်တက်ကာ နှစ်ခြမ်းကွဲသွားသော ကျောက်ဖျာကြီးကြားသို့ ငုံ့ကြည့်လေ၏ ။

ထိုအခါ ကျောက်ဖျာကြီးနှစ်ခြမ်း၏ အကြားတွင် သေတ္တာကြီးတစ်လုံးကို အံ့ဩဖွယ် တွေ့ မြင်ရလေ၏ ။ အဘိုးအိုသည် ထူးဆန်းသော သေတ္တာကြီးကို စိတ်ဝင်စားစွာဖြင့် ကြည့်ရှုရင်း မြေ ပေါ်သို့ တင်နိုင်ရန် ကြိုးပမ်းလေ၏ ။

ထိုအခိုက်မှာပင် မိုးများ တဖြည်းဖြည်း စဲသွားလေ၏ ။ အဘိုးအိုသည် ကျောက်ဖျာကြီးထဲ သို့ ဆင်း၍ သေတ္တာကြီးကို မြေပေါ်သို့ ထမ်းတင်လေ၏ ။

သေတ္တာကြီးသည် လေးလံသော်လည်း အဘိုးအို၏ လောဘဇောကြောင့် မြေပေါ်သို့ ကောင်းစွာ ရောက်ရှိ၏ ။

ထိုအချိန်တွင် မိုးများစဲသွားပြီဖြစ်၏ ။ အဘိုးအိုသည် ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲမျှ မောပန်းနေ သော်လည်း လောဘစိတ်ကြောင့် အနားမယူနိုင်ဘဲ သေတ္တာကြီးကို ဖွင့်ရန် ကြိုးပမ်းလေ၏ ။

ထိုအခါ သေတ္တာကြီးသည် ရှေးဟောင်းသေတ္တာကြီးဖြစ်ကြောင်း တွေ့ရလေ၏။ သေတ္တာ ကို ခတ်ထားသော သော့မှာ လွန်စွာရှေးကျသော ကြေးဝါသော့ကြီးဖြစ်၏။ အဘိုးအိုသည် လောဘ ဇောကြောင့် လက်ထဲရှိ သစ်ခုတ်ဓားဖြင့် သေတ္တာကြီးကို ကမန်းကတန်း ဖွင့်လေ၏။

အဘိုးအိုသည် သေတ္တာကို အားစိုက်၍ ဖွင့်သောအခါ သေတ္တာ၏ အဖုံးသည် ပွင့်ဟသွား လေ၏။

ထိုအခါ အဘိုးအိုသည် စိတ်လှုပ်ရှားစွာဖြင့် သေတ္တာတွင်းသို့ ငုံ့ကြည့်လိုက်၏။

သေတ္တာထဲတွင် မြင်ရသော အရာများကြောင့် အဘိုးအိုသည် ဝမ်းမြောက် ဝမ်းသာ ဖြစ် သွားပြီး စိတ်မထိန်းနိုင်တော့ဘဲ ...

“ ဟား ... ရွှေဒင်္ဂါးတွ၊ ရွှေဒင်္ဂါးတွေ၊ အများကြီးပါလား၊ ငါတော့ သူဌေးဖြစ်ပြီဟေ့ ”

ဟု အော်ဟစ်လိုက်လေ၏။ သေတ္တာထဲတွင် ရွှေဒင်္ဂါးများနှင့်အတူ ပင်လယ်ဓားပြများ အသုံး ပြုလေ့ရှိသော ဆင်စွယ်ရိုးတပ်ဓားမြောင်၊ တစ်လုံးထိုးသေနတ်၊ မှန်ဘီလူး၊ သံလိုက်အိမ်မြှောင်း၊ ကြေးကရား၊ ပင်လယ်ဓားပြအလံနှင့် အရက်ဘူးများကို တွေ့ရလေ၏။

အဘိုးအိုသည် ရွှေဒင်္ဂါးများကို ဝမ်းမြောက်ဝမ်းသာဖြင့် သိမ်းကျုံးယူငင်နေစဉ် ရွှေဒင်္ဂါများ၏ အနောက်မှ အလွန်အရည်အသွေးကောင်းသော ပုလဲလုံးများကို တွေ့ရပြန်၏။

အဘိုးအိုသည် ထိုအရာများကို ကြည့်၍ ပျော်ရွှင်လွန်းမက ပျော်ရွှင်သွားပြီး ...

“ ဒီနေ့ကစပြီး ငါသူဌေးဖြစ်ပြီဟေ့၊ သူဌေးကြီးဖြစ်ပြီ ”

ဟု အော်ဟစ်လိုက်လေ၏။

*

# အခန်း(၂)

အဘိုးအိုသည် ရှေးဟောင်းသေတ္တာကြီးထဲမှ ရရှိသော အဖိုးတန်ပစ္စည်းများကို ရွာထဲသို့ လျှို့ဝှက်စွာ သယ်ဆောင်လာခဲ့လေ၏။

ရွာသို့ ရောက်သောအခါ အဘိုးအိုသည် တစ်ကိုယ်တည်း နေထိုင်သူ ဖြစ်သဖြင့် တဲအိမ်က လေး၏ တံခါးများကို ပိတ်၍ ရှေးဟောင်း သေတ္တာကြီးအတွင်းမှ ပစ္စည်းများကို ကြည့်ရှု လေ၏။

သေတ္တာကြီးထဲရှိ ပစ္စည်းများသည် ပင်လယ်ဓားပြများ၏ အသုံးအဆောင်များ ဖြစ်သဖြင့် သေတ္တာ၏ ပိုင်ရှင်မှာ ပင်လယ်ဓားပြများ ဖြစ်ပုံရ၏။

ပင်လယ်ဓားပြများသည် ၄င်းတို့ဓားပြတိုက်၍ ရသော ပစ္စည်းများကို အကြောင်းတစ်ခု ကြောင့် ကုန်းမြေပေါ်တွင် လာရောက်မြှုပ်နှံထားပုံရ၏။ ရွှေဒင်္ဂါးများတွင် ရေးထိုးထားသောစာမှာ မြန်မာစာမဟုတ်ဘဲ အဘိုးအို နားမလည်သော စာများ ဖြစ်၏။

အဘိုးအိုသည် ပင်လယ်ဓားပြသေတ္တာကြီး၏ အတိတ်ဇာတ်ကြောင်းကို စိတ်ဝင်စားသူ မ ဟုတ်ဘဲ ရွှေဒင်္ဂါးများနှင့် ပုလဲများကိုသာ စိတ်ဝင်စားသူ ဖြစ်သဖြင့် သေတ္တာနှင့် ပတ်သက်၍ မစဉ်း စားတော့ဘဲ အဖိုးတန်ပစ္စည်းများကို ထုခွဲရန် ကြံစည်လေ၏။

ထိုအခါ အဘိုးအိုသည် ရပ်ဝေးသို့ ရောက်နေသော သူ၏ သားကို သတိရလေ၏။ အဘိုးအို ၏ တစ်ဦးတည်းသောသားသည် ယွန်းထည်ပညာကို ဝါသနာထုံ၍ အထက်မြန်မာပြည် မန္တလေးမြို့ ကြီး၌ သွားရောက်သင်ယူနေ၏။

ယခုအချိန် သားဖြစ်သူ အနီးမှာ ရှိနေလျှင် မည်မျှကောင်းမည်နည်းဟု တွေးမိလေ၏။ အ ဘိုးအိုသည် မိမိထံတွင် ရွှေဒင်္ဂါးများရှိနေသည့် အကြောင်းကို တတ်နိုင်သမျှ လျှို့ဝှက်ထားရန် ဆုံး ဖြတ်လိုက်၏။

မိမိကဲ့သို့ ရွာစွန်တွင် တစ်ဦးတည်း နေထိုင်သော အဘိုးအိုတစ်ဦးအတွက် လုံခြုံမှု မရှိနိုင် ချေ။

အဘိုးအိုးသည် ရွှေဒင်္ဂါးအချို့ကို ရောင်းချပြီး သူ၏ ဘဝနောင်ရေးအတွက် ပြုလုပ်ရန် စီမံ ကိန်းများကို တွေးတောပြီး စိတ်ကူးယဉ်နေမိ၏ ။

သူ၏ တဲအိမ်ကလေးကို ပျဉ်ထောင်အိမ်ကလေးဖြစ်အောင် ပြုပြင်ချင်၏ ။ ရွာဦးကျောင်းဆ ရာတော်အတွက် အလှူအတန်းလည်း လုပ်လို၏ ။

ထို့အပြင် မိမိ၏ တဲအိမ်ကလေးအတွင်းရှိ ခြင်ထောင်၊ စောင်များပါမကျန် ဟောင်းနွမ်းသော ပစ္စည်းများကို သူတစ်ပါးအား စွန့်ကြဲ၍ ပစ္စည်းအသစ်များ ဝယ်ယူလို၏ ။

အဘိုးအိုသည် နောက်တစ်နေ့သို့ ရောက်သောအခါ ရွှေဒင်္ဂါးနှင့် ပုလဲများကို အိမ်အနောက် ၌ အိုးတစ်လုံးဖြင့် မြှုပ်နှံလေ၏ ။ ပင်လယ်ဓားပြတို့၏ အသုံးအဆောင်များကိုမူ ဂုန်နီအိတ်တစ်လုံး ဖြင့်ထည့်၍ လုံခြုံစွာ သိမ်းဆည်းထားလေ၏ ။

အဘိုးအိုသည် မြေအိုးထဲမှ ရွှေဒင်္ဂါးနှစ်ပြားကို ယူကာ ထုခွဲရောင်းချရန် မြို့သို့ တက်ခဲ့လေ ၏ ။ မြို့ပေါ်သို့ ရောက်သောအခါ ရွှေဆိုင်ကြီးတစ်ဆိုင်သို့ သွားရောက် ရောင်းချလေ၏ ။

ရွှေဆိုင်ပိုင်ရှင် လူကြီးသည် ရွှေဒင်္ဂါးများကို သေချာစွာ ကြည့်ရှုစစ်ဆေး၍ ရှေးဟောင်းရွှေ ဒင်္ဂါးများ ဖြစ်ကြောင်း မှတ်ချက်ချလေ၏ ။ ထိုအခါ အဘိုးအိုက မျက်မှောင်ကြုတ်၍ ...

“ မျက်နှာဖြူတွေရဲ့ ရွှေဒင်္ဂါတွေလား ”

ဟု မေးမြန်းလေ၏ ။ ရွှေဆိုင်ပိုင်ရှင်လူကြီးက ခေါင်းခါ၍ ...

“ မဟုတ်ဘူး၊ ယိုးဒယားနိုင်ငံက ဒင်္ဂါးတွေပါ ဘကြီး၊ ရွှေဒင်္ဂါးတွေ ဘယ်လိုရလာတာလဲ ”

ဟု မေးမြန်းလေ၏။ အဘိုးအိုက ခေါင်းခါယမ်း၍ ...

“ ဒါတော့ ကျုပ် မပြောနိုင်ဘူး၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ မစပ်စုပါနဲ့ ”

ဟု ဘုကျကျပြန်လည်ပြောဆိုလေ၏။ ထိုအခါ ရွှေဆိုင်ပိုင်ရှင် လူကြီးက အဘိုးကြီးကို မ မေးဝံ့တော့ဘဲ နောင်လည်း ရွှေဒင်္ဂါးများရှိလျှင် လာရောက် ရောင်းချပါရန် ဖိတ်ခေါ်လိုက်လေ၏။

အဘိုးအိုသည် ရွှေဒင်္ဂါးများ ရောင်းချ၍ ငွေစက္ကူများကို လွယ်အိတ်ထဲသို့ ထည့်ကာ မြို့ပေါ်ရှိ တရုတ်ခေါက်ဆွဲဆိုင်သို့ ဦးစွာသွားလေ၏။

ထိုနောက် တရုတ်စာများကို အားပါးတရ စားသောက်ပြီးနောက် ဈေးကြီးသို့ဝင်ကာ အဝတ် အစားများကို ဝယ်ယူလေ၏။ ပြီးနောက် ရွာသို့ လှည်းကြုံဖြင့် ပြန်လာခဲ့လေ၏။

အဘိုးအိုသည် ရွာသို့ရောက်သောအခါ ငွေစက္ကူများထဲမှ အချို့တစ်ဝက်ကို ဘုန်းကြီး ကျောင်းသို့ သွားရောက်လှူဒါန်းလေ၏။ ပြီးနောက် ဝယ်ယူလာသော အဝတ်အစားများကို ဝတ် လေ၏။

အဘိုးအို၏ တောက်ပြောင်သော ဝတ်စားဆင်ယင်မှုကြောင့် ရွာသူ ရွာသားအချို့က တစ် စေ့တစ်စောင်းကြည့်၍ အချို့က လာရောက်စပ်စုကြလေ၏။

အဘိုးအိုသည် ရွှေဒင်္ဂါးများနှင့် ပတ်သက်၍ ရေငုံနှုတ်ပိတ် နေလိုသူဖြစ်၍ မန္တလေးမြို့သို့ ရောက်နေသော သားဖြစ်သူက လူကြုံနှင့် ငွေကြေးပို့ပေးကြောင်း မုသားဆိုလိုက်၏။

ထိုအခါ ရွာသူရွာသားများသည် အဘိုးအိုအတွက် မုဒိတာ ပွားကြလေ၏ ။ အဘိုးအိုသည် တစ်ပတ်ခန့် ကြာသောအခါ မြို့ပေါ်သို့တက်၍ ရွှေဒင်္ဂါးဆယ်ပြားကို

ထပ်မံရောင်းချပြန်၏။

ရွှေဒင်္ဂါးများ ရောင်းချပြီး ငွေကြေးများ ရရှိသောအခါ သူ၏ တဲအိမ်ကလေးကို ဖျက်၍ ပျဉ် ထောင်အိမ်ကလေး ဆောက်လုပ်ရန် ပြင်ဆင်လေ၏။

အဘိုးအို၏ ဆောက်ရန်အတွက် ရွာသူရွာသားများက ဝိုင်းဝန်းကူညီကြလေ၏။ ရွာရှိ လက် သမားဆရာကြီး ဆရာလှကလည်း လာရောက်ကြီးကြပ်ပေးလေ၏။

ထို့ကြောင့်ပင် အဘိုးအို၏ အိမ်ကလေးသည် ရက်ပိုင်းအတွက် သေသပ်ကျနစွာ ပြီးဆုံး သွားလေ၏။

အိမ်ကလေး ပြီးဆုံးသောအခါ ရွာသူရွာသားများသည် အဘိုးအို၏ ကံကြမ္မာကို ချီးမွမ်းကြ လေ၏။ အဘိုးအိုသည် အသက်အရွယ် ကြီးရင့်သောအခါမှပင် မတောင့်မတ နေထိုင်ရသဖြင့် အို ဇာတာ ကောင်းမွန်သည်ဟု ချီးမွမ်းကြလေ၏။

အဘိုးအိုသည် ရွှေဒင်္ဂါးများကို ရောင်းချ၍ ငွေကြေးချောင်လည်နေသဖြင့် သူ၏ စိုက်ခင်းက လေးကို အလုပ်မဆင်းဖြစ်တော့ချေ။

သူသည် မန္တလေးမြို့သို့ ရောက်ရှိပြီး ယွန်းထည်ပညာသင်ယူနေသော သားဖြစ်သူကို ရွှေ ဒင်္ဂါးများအကြောင်း အသိပေးလိုလှ၏။ ထို့ကြောင့် လူကြုံဖြင့် စာတစ်စောင်ရေး၍ ပေးပို့လိုက်၏။

သို့သော် သူ၏ စာထဲတွင် ရွှေဒင်္ဂါးများအကြောင်းကို မရေးပို့ဘဲ မိမိထံသို့ ပြန်လာရန်သာ ရေးသားလိုက်လေ၏။

အဘိုးအိုသည် သားဖြစ်သူကို စာတစ်စောင်ရေး၍ စောင့်မျှော်နေသော်လည်း တစ်လကြာ သည်အထိ သားဖြစ်သူ ရောက်မလာခဲ့ချေ။

ထိုကြောင့် နောက်ထပ်တစ်စောင် ထပ်မံရေးသားပြီး ပေးပို့လိုက်လေ၏ ။ ထိုအခါမှပင် သား ဖြစ်သူမှ ပြန်စာရောက်ရှိလာပြီး လပြည့်နေ့ ရွာသို့ ပြန်လာမည်ဟု သိရလေ၏ ။

အဘိုးအိုသည် သူ၏ တစ်ဦးတည်းသောသား ပြန်ရောက်လာလျှင် ငွေကြေးဖောဖာသီသီ ကိုင်တွယ်လိုသဖြင့် ရွှေဒင်္ဂါးသုံးပြားကိုကိုင်ကာ မြို့ပေါ်သို့ ရောက်ခဲ့လေ၏ ။ မြို့ပေါ်ရှိ ရွှေဆိုင်ကြီး သို့ ရောက်သောအခါ ထုံးစံအတိုင်း ရွှေဒင်္ဂါးကို ရောင်းချ၍ ပြန်ခဲ့လေ၏ ။

ရွှေဆိုင်ပိုင်ရှင်လူကြီးသည် အဘိုးအို ထွက်သွားသောအခါ နောက်ကျောကိုကြည့်၍ သက် ပြင်းချလိုက်ပြီး ...

“ ဒီအဘိုးကြီး ရှေးဟောင်းရွှေဒင်္ဂါးတွေ ဘယ်က ရနေလဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ် ဒီလူကြီးရဲ့ ရွှေဒင်္ဂါးတွေ ဝယ်ပြီး တစ်နေ့တခြား ငါ အမြတ်ထွက်နေတာပဲ ”

ဟု ရေရွတ်လိုက်ရင်း ခေါက်ဆွဲကြော်စားရန် မြို့လယ်ရှိ ခေါက်ဆွဲဆိုင်ကြီးသို့ ထွက်ခဲ့လေ ၏ ။

ရွှေဆိုင်ပိုင်ရှင် လူကြီးသည် ခေါက်ဆွဲကြော်တစ်ပွဲမှာယူပြီး စားပွဲတစ်လုံးတွင် ထိုင်နေ သော သူ၏ မိတ်ဆွေထံသို့သွားကာ ရောက်တတ်ရာရာ စကားများကို ပြောဆိုနေလေ၏ ။

ရွှေဆိုင်ပိုင်ရှင် လူကြီးသည် သူငယ်ချင်းဖြစ်သူနှင့် စကားဖောင်ဖွဲ့နေစဉ် ဆိုင်ထဲရှိ စားပွဲ လွတ်တစ်လုံးသို့ ရွှေဒင်္ဂါးရောင်းသော အဘိုးအို ရောက်ရှိလာကြောင်း တွေ့ရလေ၏ ။

အဘိုးအိုသည် ခေါက်ဆွဲကြော်တစ်ပွဲ ဝယ်ယူ၍ ဆိုင်ထဲမှ ထွက်ခွာသွားလေ၏ ။ အဘိုးအို ထွက်ခွာသွားသောအခါ ရွှေဆိုင်ပိုင်ရှင် လူကြီးက သူ၏ မိတ်ဆွေအား ...

“ ဆိုင်ထဲက ထွက်သွားတဲ့ အဘိုးကြီးက သိပ်ထူးဆန်းတယ်၊ သူဟာ ကျုပ်ဆိုင်ကို မကြာ မကြာ လာပြီးတော့ ရှေးဟောင်း ရွှေဒင်္ဂါးတွေ ရောင်းတယ်၊ ရှေးဟောင်းရွှေဒင်္ဂါးတွေကို သူ ဘယ် ကရသလဲ မသိဘူး ”

ဟု ပြောလေရာ သူ၏ မိတ်ဆွေ လူကြီးက ရယ်မော၍ ...

“ ဥစ္စာစောင့်တွေ လာပေးသလား မသိဘူး ”

ဟု ပြောဆိုကာ တဟားဟား ရယ်မောလေ၏ ။

ထိုအခိုက်မှာပင် ၄င်းတို့၏ စကားကို နားထောင်နေသော သူတောင်းစားတစ်ယောက်သည် တောင်းရမ်းစားသောက်သော ခွက်ကို ကမန်းကတန်းချ၍ အဘိုးအိုနောက်သို့ လိုက်လေ၏ ။

အဘိုးအိုသည် မြို့လယ်ကောင်ဈေးမှ နို့ဆီ၊ ထောပတ်၊ သကြား၊ ဂျုံမှုန့် စသည့် ပစ္စည်းများ ကို ဝယ်၍ ရွာသို့ ပြန်လေ၏ ။ သူတောင်းစာသည် အဘိုးအို၏ နောက်သို့ နောက်ယောင်ခံလိုက်ခဲ့ လေ၏ ။

သူတောင်းစားသည် အဘိုးအို၏ နေအိမ်ကို သိရှိသောအခါ ရွာပြင်ဇရပ်ပျက်ကြီး၌ တည်းခို ၍ ယုတ်မာသော အကြံအစည်များကို ကြံစည်လေ၏ ။ ပြီးနောက် ရယ်မောလိုက်ပြီး ...

“ ဟား ဟား ဟား၊ တစ်ဖက်လပ်တို့တော့ တစ်သက်လုံး ပင်လယ်ဓားပြ လုပ်လာတာ သူဌေးမဖြစ်ဘဲ သူတောင်းစား လုပ်တော့မှ သူဌေးဖြစ်တော့မယ် ထင်တယ် ”

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေ၏ ။

*

# အခန်း(၃)

နောက်တစ်နေ့သို့ ရောက်သောအခါ အဘိုးအိုသည် သောင်ပြင်သို့ မနက်စောစောထ၍ လမ်းလျှောက်လေရာ အဘိုးအို၏ အိမ်ငယ်လေးနှင့် မနီးမဝေးတွင် လူတစ်ဦး လဲကျနေကြောင်း တွေ့ရ၏ ။

အဘိုးအိုသည် လဲကျနေသူကို မျက်မှောင်ကြုတ်၍ အနီးသို့ သွားရောက်ကြည့်ရှုပြီး စမ်း သက်ကာ ...

“ အင်း ... အသက်တော့ မသေသေးဘူး၊ သောင်ပြင်မှာ ဘာဖြစ်လို့ လဲကျနေတာလဲ၊ ပင် လယ်ထဲက မျောပါလာတာလည်း မဟုတ်ဘူး၊ ဒီလူဟာ လူဆိုးလား လူကောင်လား၊ ဘာပဲဖြစ်ဖြစ် လူ့အသက်တစ်ချောင်းတော့ ကယ်ကောင်းပါတယ်လေ ”

ဟု ရေရွတ်လေ၏ ။ အဘိုးအိုသည် သောင်ပြင်တွင် လဲကျနေသူအား အိမ်ထဲသို့ ခေါ် ဆောင်လာခဲ့၏ ။

ခဏကြာလျှင် ထိုသူ သတိရလာပြီး ...

“ ရေ ... ရေးပေးပါ ”

ဟု တောင်းဆိုလေ၏ ။ အဘိုးအိုသည် ရေတစ်ခွက်ကို ထိုသူ၏ ပါးစပ်၌ တေ့ပေးလိုက်၏ ။ ထိုသူသည် ရေသောက်ပြီးသောအခါ မိမိရောက်ရှိနေသော နေရာကို မေးမြန်း၍ သနားဖွယ် ကောင်းသော သူ့ဘဝကို ပြောပြလေ၏ ။

ဒုက္ခသည်မှာ ဆင်းရဲနွမ်းပါးသော လယ်ကူလီ တစ်ယောက်ဖြစ်ပြီး လွန်ခဲ့သော ရက်အနည်း ငယ်က သူ၏ ဇနီးကို ပိုးထိ၍ သေဆုံးခဲ့ကြောင်း ပြောပြလေ၏ ။

ဇနီးသေဆုံးသောအခါ ပေတေလေလွင့်၍ ခြေဦးတည့်ရာသို့ သွားလာနေခဲ့ကြောင်း၊ ညစဉ် သူ၏ ဇနီးက အိပ်မက်များပေး၍ နေကြောင်း၊ ညစဉ်

သူ၏ ဇနီးက အိပ်မက်များ ပေး၍ နေကြောင်း၊ ထို အခါ ဇနီးသည်ကို ပိုမိုသတိရ၍ အစားအသောက်လည်း မမှန်တော့ကြောင်း သနားစဖွယ် ပြောပြ လေ၏ ။

ဒုက္ခသည်၏ အကြောင်းကို နားထောင်၍ အဘိုးအိုသည် များစွာ ကရုဏာသက်သွားပြီး ခွန် အားရှိသော အစားအသောက်များကို ကျွေးမွေးလေ၏ ။ ထိုနောက် သေသောသူ ကြာလျှင်မေ့နိုင် ကြောင်း၊ သတ္တဝါအားလုံး သေမျိုးချည်းဖြစ်ကြောင်း တရားသဘောနှင့် ဖြေသိမ့်စေလိုကြောင်း နှစ် သိမ့်လေ၏ ။

ထိုသို့ဖြင့် ထိုသူသည် အဘိုးအိုး၏ နေအိမ်ကလေးတွင် သောင်တင်၍ နေလေ၏ ။

အဘိုးအိုသည် စိတ်နှလုံး ကြေကွဲနေဟန်ရှိသော ဒုက္ခသည်ကို ကောင်းမွန်စွာ ပြုစုခဲ့လေ ၏ ။ အဘိုးအို၏ ပြုစုယုယမှုများကြောင်း ဒုက္ခသည်သည် ခွန်အားအတော်အတန် ပြည့်ဖြိုးလာလေ ၏ ။ တစ်ညသ၌ အဘိုးအိုက ဒုက္ခသည် စားသောက်ရန် ဆန်ပြုတ်ပန်းကန်ကို ပေး၍ ...

“ မနက်ဖြန်ဆိုရင် မန္တလေးမှာ ပညာသင်နေတဲ့ ကျုပ်ရဲ့တစ်ဦးတည်းသောသား ပြန်ရောက် တော့မယ်၊ ကျုပ်သား ပြန်ရေက်လာရင်တော့ မောင်ရင် တစ်ကိုယ်တည်း မပျင်းတော့ပါဘူး ”

ဟု ပြောလိုက်၏ ။ ထိုအခါ ဒုက္ခသည်၏ ကျဉ်းမြောင်းသော မျက်လုံးများ ပြူးကျယ်သွား ပြီး...

“ ဩော် ... မနက်ဖြန်ဆို ဒီအိမ်ကို လူတစ်ဦး ထပ်ရောက်တော့မယ် ဆိုပါတော့၊ ဒါဆိုရင် တော့ ကျုပ်ရဲ့ အကြံအစည်တွေကို ဒီနေ့ညပဲ စတင်ရတော့မှာပေါ့ ”

ဟု ပြောလေရာ အဘိုးအိုက နားမလည်ဟန်ဖြင့် ဒုက္ခသည်ကို ကြည့်လိုက်ပြီး ...

“ ဘာအကြံအစည်တွေကို စတင်မှာလဲ ”

ဟု မေးမြန်းလိုက်လေ၏ ။ ထိုအခါ ဒုက္ခသည်က မီးဖိုချောင်သို့ မျက်လုံးဝေ့ကြည့်၍ သားလှီး ဓားတစ်ချောင်းကို ထိုင်ရာမှ ထယူပြီး အဘိုးအို၏ ရင်ဝအား ဆတ်ခနဲ တေ့လိုက်လေ၏ ။ အဘိုးအို က ဒုက္ခသည်ကို အလွန်အံ့ဩဟန်ဖြင့် ကြည့်၍ …

“ မောင်ရင် ဘာလုပ်တာလဲ ”

ဟု မေးမြန်းလိုက်လေ၏ ။ ဒုက္ခသည်က ကောက်ကျစ်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး …

“ ပင်လယ်ဓားပြသေတ္တာထဲက ရထားတဲ့ ရွှေဒင်္ဂါးနဲ့ ပုလဲတွေ ကျုပ်လက်ထဲကို အပ်ပါ၊ မ အပ်ဘူး ဆိုရင်တော့ ဟောဒီဓားက ခင်ဗျားရဲ့ ဗိုက်ထဲကို တိုးဝင်သွားလိမ့်မယ် ”

ဟု ခြိမ်းခြောက်လိုက်လေ၏ ။ အဘိုးအိုသည် ဒုက္ခသည်၏ ယုတ်မာသော သဘောထားကို ရိပ်စားသိသွားပြီး သက်ပြင်းချကာ …

“ မင်းဟာ အတော်ယုတ်မာတဲ့ကောင်ပဲ၊ ကျေးဇူးရှိလို့ ကျေးစွပ်လိုက်တာပေါ့ ”

ဟု ပြောလိုက်ရာ ဒုက္ခသည်က ရယ်မော၍ …

“ အပိုတွေ ပြောမနေနဲ့ အဘိုးကြီး၊ ကျုပ်လက်ထဲကို ရွှေဒင်္ဂါးနဲ့ ပုလဲတွေ အပ်ရင် အသက် ချမ်းသာရာ ရမယ်၊ မအပ်ရင်တော့ ငရဲပြည်ကို အမြန်ဆုံး ပို့ပေးလိုက်မယ် ”

ဟု ပြောလေ၏ ။

အဘိုးအိုသည် မိမိကိုယ်မိမိ နောင်တကြီးစွာရလျက် ဒုက္ခသည်ကို မုန်းတီးစွာ ကြည့်ရှုလိုက် ပြီး …

“ နေပါဦး၊ ရွှေဒင်္ဂါးတွေအကြောင်းကို မင်းက ဘယ်လို သိနေတာလဲ ”

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဒုက္ခသည်က တဟားဟား ရယ်မောလိုက်ပြီး ...

“ ဟား ဟား ဟား၊ အဘိုးကြီး အတော်လေး မခံချိ မခံသာ ဖြစ်နေပုံရတယ်၊ အင်းပေ့ါလေ၊ ခင်ဗျားလို သချႋုင်းကုန်း ခြေတစ်ဖက်လှမ်းနေတဲ့ အဘိုးကြီးတောင် လောဘဇောကပ်သေးရင် ကျုပ် လို လူတစ်ယောက် လောဘဇောကပ်တာ ဘာအံ့ဩစရာရှိသလဲ၊ ကျုပ်ဟာ အရင်တုန်းက ပင် လယ်ဓားပြတစ်ယောက်ဗျ၊ ပင်လယ်ဓားပြလောကမှာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ပျောက်ဆုံး သွားတဲ့ ပင်လယ်ဓားပြကြီးရဲ့ ရတနာသိုက်ကို မသိတဲ့သူ မရှိဘူး၊ ပင်လယ်ဓားပြကြီးဟာ ရတနာ တွေကို မြိတ်ကျွန်းစုနားက ကျွန်းတစ်ကျွန်းမှာ မြှုပ်နှံခဲ့တယ်လို့ ထင်ရှားခဲ့တယ်၊ ဓားပြကြီးဟာ ရတ နာတွေကို မြှုပ်နှံပြီးတော့ အိန္ဒိယတပ်က အလုံးအရင်းနဲ့ တိုက်ခိုက်တာခံရပြီး သင်္ဘောနဲ့အတူ ရေ အောက်ကြမ်းပြင်ကို ရောက်သွားတယ်၊ ကျုပ်ဟာ အရင်တုန်းက ပင်လယ်ဓားပြကြီးရဲ့ လက် အောက်က အဖွဲ့သား တစ်ယောက်ပဲ၊ ကျုပ်နဲ့ လမ်းခွဲတာမြန်လို့ ရေအောက်ကြမ်းပြင်ကို မရောက် ခဲ့ဘူး၊ ဟဲ ဟဲ၊ ဒါပေမဲ့ ကျုပ်ဟာ ပင်လယ်ဓားပြကြီးရဲ့ ရတနာသိုက်အကြောင်းကို ကောင်းကောင်း သိနေတယ်၊ ဒါကြောင့် ဒီနယ်တစ်ကြောမှာ မျက်စိတစ်ဖက်လပ် သူတောင်းစားလုပ်ပြီး၊ ရတနာ သိုက်ကို စုံစမ်းနေတာဗျ၊ ဘာကြောင့် သူတောင်းစားလုပ်ပြီး စုံစမ်းရသလဲဆိုတော့ သူတောင်းစား ဘဝဟာ စားပေါက်ချောင်တယ်၊ စားဖို့သောက်ဖို့အတွက် မရှာဖွေရတော့ဘဲ ရတနာသိုက်အ ကြောင်းကို သဲလွန်စရှာနိုင်တယ်၊ ဟော ... အခုတော့ ကံကောင်းထောက်မပြီး ပင်လယ်ဓားပြကြီး ရဲ့ ရတနာသိုက်ဟာ ကျုပ်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီပေ့ါ ”

ဟု ပြောဆိုလေရာ အဘိုးအိုသည် ဒုက္ခသည်ကို ကြည့်၍ နာကြည်းဟန်ဖြင့် ...

“ ကျေးဇူးရှင်ကို ပစ်မှားတဲ့ကောင် ”

ဟု ကြိမ်းမောင်းလိုက်လေ၏။ ထိုအခါ ဒုက္ခသည်က တဟားဟား ရယ်မော၍ …

“ ဟား ဟား ဟား … ကျုပ်က တကယ်တော့ ဘာမှမဖြစ်ပါဘူး၊ သဲသောင်ပြင်မှာ လှဲအိပ်ပြီး အားပြတ်ချင်ဟန် ဆောင်နေတာပါ၊ ကျုပ် သူတောင်းစားဘဝနဲ့ ဝဝလင်လင် စားသောက်နေရတာ ပဲ၊ ဘာဖြစ်လို့ အားပြတ်ရမှာလဲ၊ ခင်ဗျားကြီးရဲ့ အိမ်ကိုဝင်ပြီး ပင်လယ်ဓားပြတွေရဲ့ သဲလွန်စကို ရှာချင်လို့ဗျ၊ ခင်ဗျားကြီးရဲ့ ကြပ်ခိုးစင်ပေါ်မှာ ပင်လယ်ဓားပြတွေရဲ့ ဓားမြောင်တွေ၊ တစ်လုံးထိုး သေနတ်တွေ၊ အရက်အိုးတွေ တွေ့ရတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် ပင်လယ်ဓားပြကြီးရဲ့ ရတနာ သိုက်တွေကို ခင်ဗျား ရထားတယ်ဆိုတာ သေချာတယ်၊ ဟဲ ဟဲ၊ ခင်ဗျားလည်း ရွှေဒင်္ဂါးအချို့ကို ရောင်းစားပြီးနေပါပြီ၊ ဒီလောက်လည်း လောဘကြီးမနေပါနဲ့၊ ရွှေဒင်္ဂါးတွေရှိတဲ့နေရာကို ကျုပ်ကို ပြောပါတော့၊ မပြောဘူး ဆိုရင်တော့ ငရဲပြည်မှာ ခင်ဗျား နောင်တရလိမ့်မယ် ”

ဟု ခြိမ်းခြောက်လေ၏။ အဘိုးအိုသည် ဒုက္ခသည်၏ စကားများကို နားထောင်၍ ခံပြင်းဒေါ သထွက်မိ၏။ သို့သော် ဒုက္ခသည်က အသာစီးရရှိနေသဖြင့် မတတ်သာတော့ဘဲ စိတ်ကိုလျှော့ချ လိုက်လေ၏။

အဘိုးအိုသည် သားဖြစ်သူနှင့် လောကကြီးထဲတွင် ပျော်ပျော်ရွှင်ရွှင် နေလိုသေး၍ သေမင်း နိုင်ငံသို့ မလိုက်ပါလိုသေးချေ။ ထို့ကြောင့် ဒုက္ခသည်၏ မျက်နှာကို ကြည့်၍ …

“ ရွှေဒင်္ဂါးတွေရှိတဲ့ နေရာကို ပြောရင် ငါ့အသက်ကို ချမ်းသာပေးမှာလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဒုက္ခသည်က ရယ်မော၍ ….

“ ဟား ဟား ဟား၊ ခင်ဗျားကြီး အသက်မသေစေရဘူး။

ရတနာတွေရဲ့ နေရာကို အမြန်ဆုံး ပြောပေတော့ ”

ဟု ဆိုလေ၏။ ထိုအခါ အဘိုးအိုက ရွှေဒင်္ဂါးများကို နှမြောတသစိတ်ဖြင့် တစ်ခဏမျှ ငြိမ် သက်နေပြီးမှ ...

“ ခြံအနောက်က မန်ကျည်းပင်အောက်မှာ မြှုပ်ထားတယ် ”

ဟု တီးတိုးပြောလိုက်လေ၏။ ထိုအခါ ဒုက္ခသည်က ခေါင်းတဆတ်ဆတ်ညိတ်၍ ကောက် ကျစ်စွာ ပြုံးလိုက်ပြီး ...

“ ကျုပ်လည်း ဒီလိုပဲ ထင်ထားပါတယ်၊ ကဲ ... ရတနာတွေကို ကျုပ် သွားယူတော့မယ်၊ ခင်ဗျားကြီးလည်း ငရဲပြည်ကို သွားပေတော့ ”

ဟု ပြောဆိုကာ အဘိုးအို၏ ရင်ဝကို ဓားဖြင့် ထိုးစိုက်လိုက်လေ၏။ အဘိုးအိုသည် နာကျင် စွာ ညည်းညူလိုက်ပြီး ...

“ မင်း ... မင်း ... ကတိမတည်ဘူး ”

ဟု ရေရွတ်ကာ မြေပေါ်သို့ လဲကျသွားလေ၏။ ဒုက္ခသည် အယောင်ဆောင် ပင်လယ်ဓား ပြက တဟားဟား ရယ်လေ၍ ...

“ ဟား ဟား ဟား၊ အဘိုးကြီး ခင်ဗျား အသက်ကြီးပါပြီ သေမင်းနိုင်ငံမှာ နားနားနေနေ နေ လို့ရအောင် ကျုပ်စီစဉ်ပေးတာပါ၊ တမလွန်ရောက်မှ ကျေးဇူးတင်နေလိမ့်မယ် ”

ဟု ပြောကာ အိမ်အနောက်ဘက်ရှိ မန်ကျည်းပင်ရှိရာသို့သွားကာ ရွှေဒင်္ဂါးများ မြှုပ်နှံထား သော အိုးကို တူးဖော်ယူလေ၏။

အိမ်အတွင်းတွင် ဓားဒဏ်ရာဖြင့် ကျန်ရစ်ခဲ့သော အဘိုးအိုသည် စိတ်ကိုတင်း၍ ထိုနေရာမှ ထွက်ခွာသွားလေတော့၏။ သူ၏ နောက်ဆုံးအချိန်တွင် သားဖြစ်သူကို စောင့်၍ မှာစရာရှိသည်များ ကို မှာကြားလိုလှ၏။ အဘိုးအိုသည် ဓားဒဏ်ရာမှထွက်သော သွေးများကို အဝတ်စဖြင့် စည်းနှောင် ရင်း ...

“ ငါ မသေသေးဘူး ”

ဟု ရေရွတ်ကာ စိတ်အားတင်းလိုက်လေ၏ ။

*

# အခန်း(၄)

အဘိုးအို၏ သား မင်းခေါင်သည် ရထားတစ်တန်၊ ကားတစ်တန်စီး၍ မွေးရပ်မြေသို့ ပြန်ခဲ့ လေ၏ ။ ဖခင်ကြီးသည် အဘယ်ကြောင့် မွေးရပ်မြေသို့ ကမန်းကတန်း ပြန်ခေါ်သည်မသိချေ။

မင်းခေါင်သည် ယွန်းဝါသနာအိုးတစ်ယောက် ဖြစ်သဖြင့် မန္တလေးမြို့ရှိ ယွန်းထည်ပညာရှင် ကြီး ဦးသီလထံတွင် တပည့်ခံ၍ ယွန်းထည်ပညာ သင်ယူနေခဲ့၏ ။

သူသည် ရွာတွင် နေထိုင်၍ ဖခင်နှင့်အတူ စိုက်ပျိုးရေးအလုပ်ကို မလုပ်လိုလှချေ။ ပင်လယ် သို့ ထွက်ပြီး ငါးလည်း မဖမ်းလိုချေ။

ယွန်းထည်ပစ္စည်းများကို လူမှန်းသိစ အရွယ်ကပင် သူ မြတ်နိုး၏ ။ သူပထမဆုံး မြင်ဖူး သော ယွန်းထည်ပစ္စည်းမှာ ဖခင်ဖြစ်သူ၏ မျက်နှာချေမှုန့်များ ထည့်ထားသော ယွန်းဘူးလေးဖြစ် ၏ ။

ထိုယွန်းဘူးလေး၏ မျက်နှာပြင်၌ ဘုရားဟောဇာတ်ကြီးဆယ်ဘွဲ့မှ အရုပ်များကို ရေးထိုး ထား၏ ။ သူငယ်စဉ်က ယွန်းဘူးလေး၏ ပတ်ပတ်လည်ရှိ အရုပ်များ၏ အဓိပ္ပာယ်ကိုဖော်ရင်း အချိန် ကုန်လွန်လေ့ရှိ၏ ။

သူ အရွယ်ရောက်သောအခါ ယွန်းထည်ပစ္စည်းများကိုသာ စွဲလမ်းနေခဲ့၏ ။

မင်းခေါင်သည် မိခင်၏ ခွင့်ပြုချက်မရသဖြင့် အသက်သုံးဆယ်ကျော်သည်အထိ စိုက်ပျိုး ရေးအလုပ်ကိုသာ လုပ်ကိုင်နေရ၏ ။

မိခင် သေဆုံးသောအခါမှပင် ဖခင်ကို ခွင့်တောင်း၍ ယွန်းထည်ပညာ သင်ယူရန် မန္တလေး သို့ တက်လာခဲ့ခြင်း ဖြစ်လေ၏ ။

မင်းခေါင်းသည် ရွာထိပ်သို့ ရောက်သောအခါ ရွာသို့သွားသော

လမ်းမကြီးမှ ဆင်း၍ ဖခင်၏ တဲအိမ်ကလေးရှိရာသို့ သောင်ပြင်အတိုင်း လျှောက်လှမ်းခဲ့လေ၏။

မင်းခေါင်သည် သောင်ပြင်မှ တဲအိမ်ကလေးသို့ မြင်ရသော အရပ်သို့ ရောက်သောအခါ ဖခင် တဲအိမ်ကလေးနေရာတွင် ပျဉ်ထောင်အိမ်တစ်လုံး ရောက်နေသဖြင့် အံ့သြသွား၏။

ဖခင်သည် တဲအိမ်ငယ်လေးကိုဖျက်၍ ပျဉ်ထောင်အိမ်ဆောက်ရန် ပိုက်ဆံဘယ်က ရရှိ သည် မသိ။ မင်းခေါင်းသည် အိမ်ကလေးရှေ့သို့ ရောက်သောအခါ ခြံတံခါးဝမှ ...

" အဖေ၊ သား ပြန်လာပြီ "

ဟု အသံပြုလိုက်၏။ သို့သော် အိမ်ကလေးအတွင်းမှ လူသံ သူသံ မကြားရသဖြင့် ပြေး ကြည့်လိုက်ရာ မြေပေါ်တွင် လဲကျနေသော ဖခင်ကို တွေ့သဖြင့် ထိတ်လန့်အံ့သြသွား၏။

" ဟင် ... အဖေ၊ အဖေ ဘာဖြစ်လို့လဲ၊ ရင်ဘတ်မှာလည်း သွေးတွေနဲ့၊ အဖေ့ကို ဘယ်သူ လုပ်သွားသလဲ "

ဟု အော်ဟစ်မေးမြန်းလေ၏။ ထိုအခါ သူ၏ နောက်ဆုံးအချိန်ကို စောင့်နေသော အဘိုးအို သည် သားဖြစ်သူ အချိန်မီရောက်လာသဖြင့် ဝမ်းသာသွားပြီး ...

" ငါ့သား ရောက်လာတာ အဖေ ဝမ်းသာလိုက်တာကွာ၊ အဖေ မနေရတော့ဘူး၊ ငါ့သားကို စောင့်နေတာကွ "

ဟု ပြောလေရာ မင်းခေါင်သည် ဖခင်အတွက စိုးရိမ်သောကစိတ်ဖြင့် ကမန်းကတန်း မေး မြန်းလေ၏။

ထိုအခါ အဘိုးအိုသည် အသက်ကို မောဟိုက်ပင်ပန်းစွာ ရှူရှိုက်၍

အကြောင်းစုံကို ပြောပြ လေ၏။ မင်းခေါင်သည် ဖခင်၏ စကားများကို မချိတင်ကဲစိတ်ဖြင့် နားထောင်၍ မရှင်းလင်းသည်များ ကို မေးမြန်းလေ၏။ အဘိုးအိုက အကြောင်းစုံကို ပြောပြပြီးနောက် အသက်ကို ကြိုးစားရှုရင်း ...

“ အဖေ့ကို လုပ်ကြံသွားတဲ့ကောင်ကို မှတ်မိအောင် အဖေ သေသေချာချာ ကြည့်ထား တယ်၊ သူ့ရဲ့ခြေထောက်နှစ်ဖက်မှာ ခြေသန်းနှစ်ခုလုံး ခြေပွားလေးတွေ ရှိတယ်၊ ပေါင်မှာလည်း ထိုး ကွင်းတွေရှိတယ်၊ လက်မောင်းမှာ ပင်လယ်ဓားပြတွေရဲ့ အမှတ်အသားအလံကို ရေးထိုးထားတယ်၊ ဒီကောင့်ကို မရ,ရအောင်ရှာပြီး ငါ့သား အဖေ့အတွက် လက်စားချေပါ ”

ဟု ပြောဆိုလေ၏။ မင်းခေါင်က ဖခင်ကို ဝမ်းနည်းပူဆွေးစွာဖြင့် ပွေ့ဖက်၍ ...

“ စိတ်ချပါ အဖေ၊ ကျေးဇူးရှင်ကို ကျေးစွတ်တဲ့ လူယုတ်မာကို မရ,ရအောင် ရှာဖွေပြီး ကလဲ့ စား ချေပါမယ် ”

ဟု ကတိပေးလေ၏။ အဘိုးအိုသည် သားဖြစ်သူ၏ ကတိစကားကို ကြားရသောအခါ စိတ် လျှော့လိုက်ဟန်ရှိပြီး သွေးများကို အန်ချလိုက်ပြီး အသက်ထွက်သွားရှာ၏။

မင်းခေါင်သည် ဖခင်၏ ခန္ဓာကိုယ်ကို ပွေ့ဖက်၍ ဝမ်းနည်းကြေကွဲစွာဖြင့် ...

“ အဖေ ... အဖေ ”

ဟု အော်ဟစ်လိုက်လေ၏။ မင်းခေါင်သည် ဖခင်အား ရက်စက်စွာ သတ်ဖြတ်သွားသော လူ ယုတ်မာကို မရ,ရအောင် ရှာဖွေ၍ ကလဲ့စားချေမည်ဟု ဆုံးဖြတ်လိုက်လေတော့၏။

*